BNI Multimedia Group

နိုင်ငံတကာ မြန်မာသတင်းအဖွဲ့(ဘီအဲန်အိုင်)
မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့



# ကချင် တစ်ကျော့ပြန်စစ် နှင့် ငြိမ်းချမ်းရေးလမ်းကို ဆန်းစစ်ခြင်း

## ဆန်းစစ်လေ့လာမှု စာစောင် (၃)

နိုဝင်ဘာလ၊ ၂၀၂၀ ခုနှစ်

# မာတိကာ


ရည်ရွယ်ချက် ..... ၂

၁။ နိဒါန်း ..... ၃

၂။ နောက်ခံအကြောင်းတရားများ ..... ၅

၂.၁ သုတေသနပြဿနာများ ..... ၆

၂.၂ သုတေသနနည်းနာနှင့် သုတေသန ဒီဇိုင်း ..... ၇

၃။ ကချင်ပြည်နယ်အတွင်းမှ နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေးပြဿနာများအပေါ်တွင်

လေ့လာဆန်းစစ်ခြင်း ..... ၈

၃.၁ လက်နက်ကိုင်ပဋိပက္ခနှင့်အပစ်အခတ်ရပ်စဲရေးပြဿနာများ ..... ၉

၃.၂ စစ်ဘေးရှောင်ဒုက္ခသည်များနေရပ်ပြန်နိုင်ရေးနှင့်လူမှုရေးပြဿနာများ ..... ၁၄

၃.၃ နိုင်ငံရေးပြဿနာများ ..... ၁၆

၄။ နိဂုံး ..... ၂၀

## ရည်ရွယ်ချက်

ဘီအဲန်အိုင် (BNI) ၏ ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (MPM) အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကနဦးစတင်စဉ် အချိန်ကာလများကပင် လေ့လာစောင့်ကြည့်နေသော အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် သက်ဆိုင်သော အကြောင်းအရာများကိုလည်း စနစ်တကျ လေ့လာပြီး ဆန်းစစ်လေ့လာချက်စာတမ်းများ၊ ရည်ညွှန်းအကိုးအကားစာအုပ်များ ရေးသားထုတ်ဝေခြင်းကို အစဉ်တစိုက်ပြုလုပ်ခဲ့ပါသည်။ ထိုသို့သော စာအုပ်များ ရေးသားထုတ်ဝေရာတွင် "ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော သတင်း၊ အချက်အလက်များ၊ လေ့လာဆန်းစစ်မှုများကို ပြည်သူလူထုအနေဖြင့် လက်လှမ်းမီ ဖတ်ရှု၊ ကိုးကား၊ မှတ်သားနိုင်စေရန်" ဟူသော မိမိတို့၏ မူလရည်မှန်းချက်များအတိုင်း ရေးသားထုတ်ဝေခြင်း ဖြစ်ပါသည်။ အဆိုပါစာအုပ်များ၊ အစီရင်ခံစာများ ရေးသားရာတွင်လည်း တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုအပေါ်တွင် နစ်နာစေလိုသော၊ ထိခိုက်စေလိုသော ရည်ရွယ်ချက်များ အလျဉ်းမရှိဘဲ ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးဖြစ်စဉ် ပေါ်ထွန်းလာစေရန်နှင့် ပိုမိုကောင်းမွန်သော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ဘက်လိုက်မှုကင်းပြီး မျှတသော သုံးသပ်ချက်များဖြစ်စေရန် ရေးသားပါသည်။

ယခုဆန်းစစ်လေ့လာချက် စာတမ်းငယ်သည် ကချင်ပြည်နယ်အတွင်း တစ်ကျော့ပြန်ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးပြဿနာများကို ပိုမိုနားလည်စေရန် ရည်ရွယ်လျက် မိမိတို့အနေဖြင့်စနစ်တကျလေ့လာပြီး ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာဆန်းစစ်ရခြင်းသည်လည်း ကချင်ပြည်နယ်အတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ပိုမိုကြီးထွားလာသည်နှင့်အမျှ နေရပ်စွန့်ခွာ စစ်ဘေးဒုက္ခသည်အရေအတွက် ပိုမိုများပြားလာခြင်းများအပြင် အဆိုပါလက်နက်ကိုင်ပဋိပက္ခများကြောင့် အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကိုပါ ရိုက်ခတ်လာသော ပြဿနာများကို အဖြေရှာရာတွင် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းစေရန်ဟူသော ရည်ရွယ်ချက်များကြောင့် ဖြစ်ပါသည်။

## ၁။ နိဒါန်း

ကချင်ပြည်နယ်သည် ယနေ့မြန်မာနိုင်ငံ၏ ကနဦးဖြစ်တည်ရာ ပင်လုံစာချုပ်မှ စတင်ပြီး ယခုအချိန်ထိ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့အပြင် လူမျိုးစု၊ မျိုးနွယ်စုများစွာ နေထိုင်ကြသည့်အပြင် သဘာဝသယံဇာတများနှင့် အရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်းဘက်မှ ပြည်နယ်တစ်ခု ဖြစ်သည်။ ရှည်လျားသော သမိုင်းကြောင်းများနှင့်အတူ မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ဘာသာစကားများ၊ လူနေမှုပုံစံများသည်လည်း ကချင်ပြည်နယ်၏ ဝိသေသလက္ခဏာတစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရပါသည်။

ထို့အပြင် အာရှတွင် အဓိကအင်အားကြီးနိုင်ငံနှစ်ခုဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်အားဖြင့် တိုက်ရိုက်ထိစပ်နေသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆိုပြုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် "ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်း" စီမံကိန်းတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ကချင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့်အလျောက် သဘာဝသယံဇာတများနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများ၏ အဓိကနယ်မြေ ဖြစ်လာသည့်အပြင် မြန်မာနိုင်ငံအတွင်းမှ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းလုပ်သားများ လာရောက်ကြသည့် နေရာတစ်ခုလည်း ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် အင်အားကြီးမားသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တစ်ခုအခြေစိုက်ရာ အဓိကဒေသတစ်ခုဖြစ်သည့်အပြင် တခြားသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်ဖွဲ့များလည်း တပ်စွဲနေထိုင်ရာ နယ်မြေတစ်ခု ဖြစ်ပါသည်။ မတူညီသည့် လူ့အဖွဲ့အစည်းများသည် ကချင်ပြည်နယ်မှတဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆီသို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဆက်စပ်ပြီး ကူးလူးဆက်ဆံမှုများ ပြုလုပ်ကြသောကြောင့်လည်း ကချင်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မဟာဗျူဟာမြောက် အချက်အချာကျသည့် နေရာတစ်ခုဖြစ်သည့်အပြင် ပထဝီအနေအထားအရလည်း နှစ်နိုင်ငံအတွက် အရေးပါသည့် နယ်မြေတစ်ခု ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့၏ ကြီးမားသော ထိန်းချုပ်နယ်မြေများ ရှိနေသည့်အပြင် ထောင်ပေါင်းများစွာသော စစ်ဘေးရှောင်ဒုက္ခသည်စခန်းများသည် တရုတ် - မြန်မာ နယ်စပ်တလျှောက်လုံးတွင်သာမက တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ထိန်းချုပ်ရာနယ်မြေများ၊ မြန်မာနိုင်ငံအစိုးရ အုပ်ချုပ်မှုယန္တရား သက်ရောက်ရာနယ်မြေများတွင်ပါ တည်ရှိနေပါသည်။ အဆိုပါ စစ်ဘေးရှောင်စခန်းများတွင် နှစ်ကာလကြာမြင့်လာသည့်အလျောက် ကချင်လူ့အဖွဲ့အစည်းအတွင်း တွင် လူမှုရေးပြဿနာများနှင့် တခြားသော ဆက်စပ်ပြဿနာများလည်း ကြုံတွေ့ခဲ့ရသည်။

ထို့အပြင် ၂၀၁၁ ခုနှစ်၊ ဇွန်လ (၉) ရက်မှ စတင်ကာ ကချင်ဒေသတွင် တစ်ကျော့ပြန်စစ်ပွဲများ ပြန်လည်စတင်ခဲ့ပါသည်။ အဆိုပါစစ်ပွဲများ ပြန်လည်စတင်ခဲ့ခြင်းနှင့်အတူ ပြည်သူလူထုများတွင် စစ်ပွဲများ၏ရိုက်ခတ်မှုကို ခံခဲ့ရပါသည်။ သို့သော် သမ္မတဦးသိန်းစိန်မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရန် ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲများစတင်ခဲ့ခြင်းနှင့်အတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပေါ်ရန် ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်း ကချင်လွတ်လပ်ရေးအဖွဲ့(KIO)အနေဖြင့် ပါဝင်လာခဲ့ပါသည်။ သို့သော် နောက်ဆုံးလက်မှတ်ရေးထိုးချိန်တွင်တော့ ကချင်လွတ်လပ်ရေး အဖွဲ့အနေဖြင့် ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ။

သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်တွင် ချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)မှ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ လက်ထက်တွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက် ၂၀၁၇ ခုနှစ်၊ မေလတွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစုပင်လုံ) ဒုတိယအစည်းအဝေးတွင် အချက် (၃၇) ချက် ပါဝင်သော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်ပြုလုပ်သည့် တတိယအစည်းအဝေးတွင် အချက် (၁၄) ချက်ပါဝင်သည့် စာချုပ် အစိတ်အပိုင်း (၂)ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ပြုလုပ်ခဲ့သည့် စတုတ္ထအစည်းအဝေးတွင် အချက် ၂၀ ပါဝင်သည့် စာချုပ် အစိတ်အပိုင်း (၃)ကိုလည်းကောင်း လက်မှတ်ထိုး သဘောတူနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့ပါသည်။

သို့သော် လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သော ရခိုင့်တပ်တော်(AA)၊ တအောင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား မဟာမိတ်ဒီမိုကရက်တစ်တပ်မတော် (MNDAA) စသော အဖွဲ့များနှင့် ၂၀၁၅ခုနှစ်မှ ၂၀၂၀ပြည့်နှစ် အတွင်း တိုက်ပွဲများ တဖြည်းဖြည်းပြင်းထန်လာခဲ့ပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် လည်း ရံဖန်ရံခါတိုက်ပွဲများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အနေဖြင့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) မှ ကမကထပြုထားသော ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)တွင် နိုင်ငံရေးအရ ပါဝင်မှုရှိနေပြီး စစ်ရေးမဟာမိတ်အဖြစ် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ (The Northern Alliance) တွင်လည်း ပါဝင်မှု ရှိနေပါသည်။

ကချင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေသော စစ်ရေးဆိုင်ရာ တင်းမာမှုများ၊ နိုင်ငံရေး ဆိုင်ရာ အရွေ့များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တစ်ခုလုံးအပေါ်တွင် ရိုက်ခတ်မှုများစွာရှိပြီး ကချင်ပြည်နယ်အတွင်းမှစစ်ဘေးဒုက္ခသည်များအရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များသည် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် ကဲ့သို့သော လတ်တလော စစ်ဘေးဒဏ်ကို အကြီးအကျယ် ရင်ဆိုင်နေ ရသော ဒေသများအတွက် အဆိုပါပြဿနာများကို မည်ကဲ့သို့ ရင်ဆိုင်ရမည်နည်းဟူသော မေးခွန်းများ အတွက် လမ်းပြမြေပုံသဖွယ် ဖြစ်နိုင်ပါသည်။ ထို့အပြင် ကချင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုပုံစံများ၊ နိုင်ငံရေးရေချိန် အတက် အကျများသည် သင်ခန်းစာယူနိုင်ဖွယ်ကိစ္စရပ်များ၊ လေ့လာသင့်သော အကြောင်းအရာများ ဖြစ်သည် ဟု ယူဆမိသောကြောင့် ယခုသုတေသနစာစောင်ငယ်တွင် စနစ်တကျ လေ့လာဖော်ပြလိုသော အကြောင်းအရာတစ်ခု ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။

## ၂။ နောက်ခံအကြောင်းတရားများ

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် နိုင် ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ (နဝတ) (SLORC) /တပ်မတော် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေးကို ချုပ်ဆိုခဲ့ကြပြီး နိုင်ငံရေးဆွေးနွေးပွဲအချို့ကို စတင်ခဲ့ကြပါသည်။ သို့သော် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်မှ စတင်ပြီး ကချင်ပြည်နယ်တွင် တကျော့ပြန် စစ်ပွဲများစတင်ခဲ့ကာ ရှည် လျားသော အပစ်အခတ်ရပ်စဲရေးစာချုပ်လည်း တစ်ခန်းရပ်ခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

အဆိုပါ ရှည်ကြာခဲ့သော အပစ်အခတ်ရပ်စဲရေးစာချုပ်တစ်ခုအနေဖြင့် "မည်သည့်အတွက် ကြောင့် ရပ်ဆိုင်းခဲ့ရသနည်း"၊ "မည်သို့သော အကြောင်းအရာများက စစ်ရေးဆိုင်ရာတင်းမာမှုများနှင့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးအဖြေရှာ ညှိနှိုင်းမှုများကို ခက်ခဲစေခဲ့သနည်း" အစရှိသော မေးခွန်းများသည် ယနေ့မြန်မာနိုင်ငံ၏ အကြပ်အတည်းများဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တစ်နည်းတစ်ဖုံ ရိုက်ခတ်မှုရှိနေပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံရေးစနစ်အပြောင်းအလဲစတင်ပြီး မြန်မာ့ နိုင်ငံရေးဝန်းကျင်ပြောင်းလဲလာခဲ့သည်ဟု ဆိုကြသော်လည်း နိုင်ငံရေးနယ်ပယ်နှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ်တွင် တပ်မတော်ဖက်မှ အသာစီးရယူထားသည်မှာ ယနေ့ငြိမ်းချမ်းရေးဖြစ် စဉ်အပေါ်တွင် အမိကလွှမ်းမိုးနေသော အကြောင်းအရာများ ဖြစ်လာခဲ့ပါသည်။

ထို့အပြင် ၂၀၁၁ခုနှစ် မှ ၂၀၁၅ခုနှစ်အထိ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရလက်ထက် ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် ကချင်လွတ်လပ်ရေးအဖွဲ့(KIO) ပါဝင်ခဲ့ပြီး တစ်ချိန်တည်းတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ ယခုအချိန်အထိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)လမ်းကြောင်းမှ သွားနေ သည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း မလူးသာ၊ မလွန့်သာသည့်အခြေအနေတွင် ရှိနေခဲ့ပြီး လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးကြသည့် အခြေအနေ များသည်လည်း ကောင်းမွန်သော ရလဒ်များထွက်လာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

KIO အနေဖြင့်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တစ်လျှောက်လုံးတွင် ပုံစံမျိုးစုံ၊ အစုအဖွဲ့မျိုးစုံဖြင့် ပါဝင်ခဲ့သော်လည်း မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ မလူးသာ၊ မလွန့်သာသည့်အခြေအနေကို ရောက်ရှိနေရသနည်းဆိုသည့် မေးခွန်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးကိစ္စရပ်များကို လေ့လာ၊ စောင့်ကြည့်၊ သုံးသပ်နေသူများအကြား စိတ်ဝင်စားဖွယ်အခြေအနေအဖြစ် ရှိနေပါသေးသည်။

၂၀၂၀ပြည့်နှစ်အလွန်ကာလများတွင် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ပိုမိုကောင်းမွန်သော ရလဒ်များကို ဖော်ဆောင်နိုင်ရန် အရေးတကြီးလိုအပ်နေပါသည်။ စစ်ရေးပဋိပက္ခများနှင့် နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုများမရရှိသေးခြင်းသည် ပြည်သူလူထုများအတွက် ဆိုရွားသော အခြေအနေများကိုသာ ဖန်တီးပေးနိုင်ပြီး ပိုမိုလေးလံသော လူမှုဒုက္ခများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သော အလားအလာတစ်ခု မဟုတ်နိုင်ပါ။

ထို့အပြင် ဒေသတွင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုများ၊ အပြန်အလှန်သြဇာချဲ့ထွင်မှုများ၊ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင်မှုများသည်လည်း မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်တွင် သက်ရောက်မှုတစ်ခု ရှိနိုင်ပါသေးသည်။ မြန်မာ့နိုင်ငံရေး၏ ရလဒ်များသည် အင်အားကြီးနိုင်ငံများ၏ ပထဝီနိုင်ငံရေးအားပြိုင်မှုများမှ သက်ရောက်မှု၏ အကျိုးအဆက်အဖြစ် မျှော်လင့်နေခြင်းမျိုးသည် ယုတ္တိတန်သောအခြေအနေတွင် ရှိမနေသင့်တော့ပြီ ဖြစ်သည်။

နှစ်ပေါင်း ရှည်ကြာလာသည့် ပြည်တွင်းစစ်ပြဿနာများကို ဖြေရှင်းရေးသည် မြန်မာနိုင်ငံ၏ အရေးကြီးဆုံးသော အခြင်းအရာအဖြစ် ရှိနေသင့်ပြီဖြစ်ပါသည်။ သို့သော် လက်တွေ့အခြေအနေတွင် မတူညီသည့် နိုင်ငံရေးဆိုင်ရာ မျှော်လင့်ချက်များ၊ ပုံစံမတူသည့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဘုံတူညီချက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှာဖွေရသည်မှာ လွယ်ကူလှသည့် လုပ်ငန်းစဉ်အဖြစ် ရှိမနေခဲ့ပါ။ အဆိုပါ နောက်ခံအကြောင်းတရားများသည် ယခု သုတေသနမှ ရှာဖွေ ဖော်ထုတ်လိုသော အခြင်းအရာများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပုံဖော်လာခဲ့ခြင်းဖြစ်ပါသည်။

## ၂.၁ သုတေသနပြဿနာများ

ယခု သုတေသနစာတမ်းငယ် ပြုလုပ်ခြင်းသည် အဓိကအားဖြင့် နှစ်ရှည်ကြာလာသည့် ကချင်ပြည်နယ်မှ လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးဆိုင်ရာပြဿနာများကို ထပ်မံမီးမောင်းထိုးပြလိုသည့်အပြင် စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးနှင့် လူမှုရေးပြဿနာများကိုလည်း စနစ်တကျ ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။

ထို့အပြင် ရှည်ကြာသော အပစ်အခတ်ရပ်စဲရေးကာလအတွင်း ပဋိပက္ခတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများ၏စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ အကျိုးစီးပွားများ ရှင်သန်ကြီးထွားလာခြင်းနှင့်လည်း ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများသည်လည်း ယခုသုတေသနကို ပြုလုပ်ရန် စေ့ဆော်ပေးသော အကြောင်းအရာများ ဖြစ်ပါသည်။

ထို့ကြောင့် ယခုသုတေသနသည် မည်ကဲ့သို့သော အကြောင်းအရာများက KIA နှင့် တပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးရာတွင် ရှိနေသော ပြဿနာများ၊ KIA နှင့် အစိုးရတို့အကြား နိုင်ငံရေးဆွေးနွေးပွဲများ မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းနေရသနည်းနှင့် စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးတို့အတွက် မည်ကဲ့သို့သော အခြင်းအရာများက အခက်အခဲများအဖြစ် ရှိနေသနည်း ဟူသော သုတေသနမေးခွန်းအပေါ်တွင် အခြေတည်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။ အဆိုပါသုတေသနမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် မိမိတို့အနေဖြင့် သုတေသနမေးခွန်းများကို အောက်ပါအကြောင်း အရာ (၃)ခုပေါ်တွင် တည်ဆောက်ထားပါသည်။

(၁) လက်နက်ကိုင်ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေးပြဿနာများ။

(၂) စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးနှင့် လူမှုရေးပြဿနာများ။

(၃) နိုင်ငံရေးပြဿနာများ။

ထို့အပြင် ယခုဆန်းစစ်လေ့လာချက်စာတမ်းလွှာကို သုတေသနပြုလုပ်ရာတွင် အရေးကြီးဆုံးဖြစ်သည့် နိဂုံးချုပ်သုံးသပ်ချက်များကို အချက်အလက်အခြေပြုသုံးသပ်ချက်များဖြစ်စေရန် ကြိုးစားထားပြီး တွေ့ရှိ ချက်အချို့ကို မူဝါဒဆိုင်ရာအကြံပြုချက်များအဖြစ် ရေးသားထားပါသည်။

## ၂.၂ သုတေသနနည်းနာနှင့် သုတေသန ဒီဇိုင်း

ယခုစာတမ်းငယ်၏ အချက်အလက်၊ အထောက်အထားများကို ရယူရာတွင် အရင်းအမြစ်နှစ်ခုအပေါ် အဓိကအခြေခံထားပါသည်။ ပထမတစ်ခုအဖြစ် မိမိတို့သုတေသနပြုလုပ်ရာ အကြောင်းအရာ၊ ဖြစ်စဉ်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ကြသည့် လူပုဂ္ဂိုလ်များအား အင်တာဗျူးများ ဆက်သွယ်မေးမြန်းခြင်းနှင့် ဒုတိယတစ်ခုမှာ ထုတ်ဝေပြီးသော သတင်းစာ၊ စာစောင်၊ ဆောင်းပါး၊ စာအုပ်များမှ အချက်အလက်များကို ရယူခြင်းဖြစ်ပါသည်။ ထိုကဲ့သို့လူပုဂ္ဂိုလ်များအား အင်တာဗျူးမေးမြန်းရာတွင်လည်း အလွတ်သဘော တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ မေးမြန်းမှုများ (Key Informal Interview) ပြုလုပ်သကဲ့သို့ လူပုဂ္ဂိုလ်များအား အုပ်စုလိုက် မေးမြန်းခြင်းများ(Focus Group Discussion)များကိုလည်း ပြုလုပ်ခဲ့ပါသည်။

အဆိုပါမေးခွန်းများ မေးမြန်းရာတွင် ဖြေဆိုသူများ၏ အမြင်များ၊ သဘောထားများ၊ ရှုမြင်သုံးသပ်ချက်များကို လွတ်လပ်စွာ ပြောဆိုနိုင်စေရန်အလို့ငှာ မိမိတို့ အင်တာဗျူးပြုလုပ်ထားသော လူပုဂ္ဂိုလ်များ၏ အမည်နာမများကို သဘောတူညီမှုများ မရရှိပါက ဖော်ပြသွားမည်မဟုတ်ပါ။ သို့သော်လည်း မိမိတို့အနေဖြင့် သုတေသနအချက်အလက်များ ခိုင်မာမှုရှိစေရန်အတွက် အင်တာဗျူးဖြေဆိုသူများ၏အမည်၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ အချက်အလက်များကိုမူ သိမ်းဆည်းထားရှိပါသည်။

## ၃။ ကချင်ပြည်နယ်အတွင်းမှ နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေး ပြဿနာများအပေါ်တွင် လေ့လာဆန်းစစ်ခြင်း။

နှစ်ကာလ ကြာမြင့်လာပြီဖြစ်သည့် ကချင့်တော်လှန်ရေး လှုပ်ရှားမှုများနှင့်အတူ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဖွဲ့စည်းတည်ထောင်မှုအဖြစ် ယခု ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် နှစ်ပေါင်း (၆၀) ပြည့်မြောက်သွားခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစဉ်ကတည်းက ခေတ်သစ်ကချင့်တော်လှန်ရေးကို ၁၉၆၀ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပထမ ကချင်လက်နက်ကိုင်ပဋိပက္ခကာလ၊ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်မှ ၂၀၁၁ ခုနှစ် ဇွန်လ (၉) ရက်အထိ အပစ်အခတ်ရပ်စဲရေးကာလ၊ ၂၀၁၁ခုနှစ်နောက်ပိုင်း တကျော့ပြန် စစ်ပွဲကာလဟု ယူဆကြကြောင်းကို "War and Peace in the Borderlands of Myanmar: the Kachin Ceasefire, 1994-2011" စာအုပ်တွင် ဖော်ပြထားပါသည်။ [1] ထို့အပြင် ကချင့်တော်လှန်ရေးနှင့်ပတ်သက်ပြီး ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ခဲ့ရခြင်းသည်လည်း အထူးစိတ်ဝင်စားဖွယ်ရာ ကိစ္စတစ်ခု ဖြစ်လာခဲ့ပါသည်။

အပစ်အခတ်ရပ်စဲထားသော ၁၇ နှစ်တာကာလအတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများတိုးချဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်အောက်တွင် ကြီးမားသော စီးပွားရေးလုပ်ငန်းကြီးများကို ပိုင်ဆိုင်လာခဲ့ကြပါသည်။ ထို့အပြင် အဆိုပါကာလအတွင်း စစ်အင်အားဖြည့်တင်းမှုများကို ပဋိပက္ခတွင် ပါဝင်သည့် အားလုံးသော လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြုလုပ်ခဲ့ကြပြီး ၁၇ နှစ်တာ ကာလအတွင်း အခြေတည်ခဲ့သော စီးပွားရေးအကျိုးအမြတ်များသည်လည်းမပြီးပြတ်သေးသည့်စစ်ရေး၊နိုင်ငံရေးပဋိပက္ခများကိုရှည်ကြာစေသည့်အကြောင်းအရင်းများထဲမှ တစ်ခု အပါအဝင် ဖြစ်လာခဲ့ပါသည်။

ကချင်ပြည်နယ်တွင် တစ်ကျော့ပြန်စစ်ပွဲများ ဖြစ်ပွားလာရခြင်း၏ ရလဒ်တစ်ခုအနေဖြင့် ကချင်ဒေသတွင် စစ်ဘေးရှောင်စခန်းများ၊ စစ်ဘေးဒဏ်သင့် ဒုက္ခသည်များ အဆမတန်များပြားလာခဲ့ပါသည်။ အဆိုပါ စစ်ဘေးရှောင်စခန်းများသည် တရုတ် - မြန်မာ နယ်စပ်မျဉ်းတစ်လျှောက်တွင်လည်းကောင်း၊ KIO ထိန်းချုပ်နယ်မြေများတွင်လည်းကောင်း၊ မြန်မာအစိုးရ၏ အာဏာစက်ဝန်းအတွင်းရှိနေသည့် မြို့/ရွာများတွင်လည်းကောင်း အများအပြား ပေါ်ပေါက်လာခဲ့ပါသည်။ OCHA (United Nations Office for the Coordination of Humanitarian Affairs) ၏ စာရင်းများအရ ၂၀၂၀ ခုနှစ် မေလအထိ ကချင်ပြည်နယ်တွင် စစ်ဘေးရှောင်ဒုက္ခသည်များအရေအတွက် ၉၅၇၃၆ဦးခန့် ရှိပြီး ဒုက္ခသည်စခန်းပေါင်း ၁၇၀ ခန့် ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ [2] တစ်ချိန်တည်းတွင် အဆိုပါ ဒုက္ခသည်စခန်းများမှ များပြားလှသော လူဦးရေတို့၏ စားဝတ်နေရေးအပြင် လူမှုရေးဆိုင်ရာ ပြဿနာများသည် ကချင်လူ့အဖွဲ့အစည်းအထဲတွင် အရေးတကြီးဖြေရှင်းရမည့် ပြဿနာများ ဖြစ်လာခဲ့ပါသည်။

---

1 Sadan, M. (2016). War and Peace in the Borderlands of Myanmar: The Kachin Ceasefire 1994-2011. Nias Press.

2 OCHA, Myanmar: IDP Sites in Kachin State (as of 31 May 2020), Web Link - https://tinyurl.com/y6hzpxsq

နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်သရွေ့ ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရန် ဖြစ်နိုင်ချေ အလွန်နည်းပါးကြောင်းကို မူအရ လက်ခံကြပါသည်။ သို့သော် အဆိုပါ နိုင်ငံရေးပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။ မည်ကဲ့သို ဆွေးနွေးခြင်း နည်းလမ်းများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တောင်းဆိုနေသည့် နိုင်ငံရေးရပိုင်ခွင့်များအတွက် အာမခံချက် အနေဖြင့် ပေးနိုင်သနည်းဟူသော မေးခွန်းများသည်ကား ဝေဝါးနေဆဲဖြစ်ပါသည်။ ကချင်ပြည်နယ်၏ ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေးသည် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအသစ်တစ်ခု၏ ကနဦးအခြေ အနေတွင်ရပ်စဲခဲ့ရပါသည်။ နိုင်ငံရေးအရသဘောတူညီမှု၊ ဆွေးနွေးမှု တစ်စုံတစ်ရာမရှိဘဲ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု စာချုပ်တစ်ခုတည်းဖြင့် လက်နက်ကိုင်ပဋိပက္ခများကို မည်မျှအထိ ဆွဲဆန့်ပြီး ရပ်စဲထားနိုင်မည်နည်းဟူသော မေးခွန်းသည် ယခု သုတေသနစာစောင်တွင် အဓိကမေးခွန်းတစ်ခု ဖြစ်လာခဲ့ပါသည်။

> နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်သရွေ့ ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရန် ဖြစ်နိုင်ချေ အလွန်နည်းပါးကြောင်းကို မူအရ လက်ခံကြပါသည်။ သို့သော် အဆိုပါ နိုင်ငံရေးပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။ မည်ကဲ့သို ဆွေးနွေးခြင်း နည်းလမ်းများက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တောင်းဆိုနေသည့် နိုင်ငံရေးရပိုင်ခွင့်များအတွက် အာမခံချက်အနေဖြင့် ပေးနိုင်သနည်းဟူသော မေးခွန်းများသည်ကား ဝေဝါးနေဆဲဖြစ်ပါသည်။

## ၃.၁ လက်နက်ကိုင်ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေးပြဿနာများ။

ကချင်ပြည်နယ်အတွင်းမှ လက်နက်ကိုင်ပဋိပက္ခများနှင့်အပစ်အခတ်ရပ်စဲရေးပြဿနာသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့အကြား ပြဿနာသက်သက်ဟု ယူဆရန် မဖြစ်နိုင်ပါ။ အကြောင်းမှ ၂၀၁၅ ခုနှစ်နောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား စစ်ရေး၊ နိုင်ငံရေး မဟာမိတ်ပုံစံအသစ်များ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ ဆွေးနွေးမှုများကို အဖွဲ့အစည်းတစ်ခုချင်းစီ သက်သက်မျိုးမဟုတ်ဘဲ အုပ်စုဖွဲ့ရပ်တည်မှုနှင့် ဆွေးနွေး မှုများကသာ စစ်မှန်သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟူသော အမြင်သဘောထားများ အားကောင်းလာခဲ့သောကြောင့် ဖြစ်ပါသည်။

အဆိုပါ အမြင်သဘောထားများ အားကောင်းလာခဲ့ရခြင်းသည်လည်း အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာခြင်းမျိုးတော့ မဟုတ်ခဲ့ပါ။ ၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးအဝန်းအဝိုင်းထဲသို့ အသစ်သော လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်လာခဲ့ပြီး အချိန်တိုတိုအတွင်း အင်အားကြီးထွားလာခဲ့ကာ စစ်ရေး - နိုင်ငံရေးတင်းမာမှုများ ပြင်းထန်လာခဲ့ပါသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုသော တစ်နိုင်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးလက်မှတ်ရေးထိုးခြင်းမရှိခဲ့သည်ကလည်းအဆိုပါမဟာမိတ်များပေါ် ပေါက်လာစေရန် လှုံ့ဆော်စေခဲ့ပါသည်။ အဓိကအကြောင်းအရင်းအဖြစ် မြန်မာ့တပ်မတော်ကို အင်အားချိန်ခွင်လျှာ ထိန်းညှိထားနိုင်စေရန် တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ကဲ့သို့သော စစ်ရေးအင်အားကြီးအဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံရေးဆိုင်ရာ မဟာမိတ် ဖွဲ့စည်းထားနိုင်ရန် လိုအပ်လာသောကြောင့် ဖြစ်ပါသည်။

> **“အဓိကတော့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းတော့ စစ်ရေးပြဿနာဖြစ်လာပြီး စစ်ပွဲတွေဖြစ်လာတယ်လို့ ယူဆတာပေါ့လေ။ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ရောက်လာတဲ့ အကြီးစားစီမံကိန်းတွေကလည်း ကချင်ရဲ့ တကျော့ပြန်စစ်ပွဲ ဖြစ်စေတဲ့အကြောင်းအရင်းထဲက တစ်ခုလို့ ပြောလို့ရပါတယ်”**

ထို့အပြင် UWSA အနေဖြင့်လည်း လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် ရရှိနေသော အခွင့်အရေး များသည် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အတွက် ပုံမှန်အခြေအနေ (Status-Quo Position) ကို ထိန်းထားလျှက် ပိုမိုအင်အားကြီးမားအောင် တည်ဆောက်နိုင်ရေးအတွက် အကောင်း ဆုံးအခြေအနေတွင် ရှိနေခဲ့ပါသည်။

သို့သော် KIO အနေဖြင့် ယခုဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် အပစ်အခတ် ရပ်စဲရေး ပြဿနာများကို မိမိတို့ ယခုသုတေသနအတွက် ပြုလုပ်သော အင်တာဗျူးတွင် ယခုလို ဖြေဆိုခဲ့ပါသည်။

"ကေအိုင်အိုဟာ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ မျှော်လင့်ပြီး နဝတ စစ်အစိုးရအဖွဲ့နဲ့ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှာ အပစ်အခတ်ရပ်စဲရေးကို ချုပ်ဆိုခဲ့ပါတယ်။ အဲ့တုန်းက နဝတစစ်ခေါင်းဆောင်တွေဖက်က တိုက်ပွဲတွေရပ်ဆိုင်းပြီး ပြဿနာတွေကို ဆွေးနွေးချင်တယ်ဆိုပြီး ကမ်းလှမ်းတာမျိုးလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် အပစ်အခတ်ရပ်ဆိုင်းရေး လက်မှတ်ရေးထိုးပြီး နောက် ပိုင်းမှာ သေချာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ မလုပ်ခဲ့ဘဲနဲ့ ကျွန်တော်တို့ ကေအိုင်အိုကို အမျိုးသား ညီလာခံကို တက်ရောက်စေချင်ပြီး စစ်အစိုးရရေးဆွဲတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံ

စေဖို့ပဲလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ကေအိုင်အိုဘက်က နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ဖို့ အဆိုပြုပေမယ့်လည်း နဝတ၊ နအဖ စစ်အစိုးရအဖွဲ့က သူတို့မှာ နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ဖို့ တာဝန်မရှိကြောင်းနဲ့ ဖွဲ့စည်းပုံက ပေါ်ထွက်လာမယ့် အစိုးရအသစ်တစ်ခုနဲ့သာ ဆွေးနွေးရမယ်ဖြစ်ကြောင်းဆိုတာမျိုးကို အကြောင်းပြန်ကြားလာခဲ့တာ ရှိခဲ့ပါတယ်။ ပြီးတော့ ၂၀၀၈ ဖွဲ့စည်းပုံ အတည်ပြုပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ် ဧပြီလ ၂၈ ရက်တွင် နယ်ခြားစောင့်တပ်ပြောင်းလဲဖွဲ့စည်းဖို့အတွက် အတင်းအကြပ် တိုက်တွန်းလာခဲ့ပါတယ်။ ဒီနေရာမှာ တစ်ဆက်တည်းပြောချင်တာက ကေအိုင်အိုရဲ့ နိုင်ငံရေးရည်မှန်းချက်ဟာ နိုင်ငံရေးပြဿနာတွေကို ဆွေွးနွေးအဖြေရှာလိုခြင်းဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို ဆွေးနွေး အဖြေရှာဖို့ ငြင်းဆန်တာဟာ အပစ်အခတ်ရပ်စဲရေးကာလကို ပြီးသွားစေတဲ့ အဓိက အကြောင်းတရားဖြစ်ခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ကနေ စတင်ပြီး ကချင်ဒေသမှာ တိုက်ပွဲတွေ ပြန်လည်ဖြစ် ပွားလာရခြင်းဖြစ်ပါတယ် "။ [3]

ထို့အပြင် ကချင်ပြည်နယ်မှ အရပ်ဘက်အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်တစ်ဦးကလည်း "နအဖအစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ဒေသဖွံ့ဖြိုးရေးအကြောင်းပြပြီး အကောင်အထည်ဖော်တယ်။ ဒါပေမယ့် အကောင်အထည်ဖော်တဲ့ စီမံကိန်းတွေက ဒေသခံပြည်သူတွေနှင့် ဒေသအတွက် ဖွံ့ဖြိုးမှုတစ်စုံတစ်ရာမဖြစ်စေဘဲ သဘာဝပတ်ဝန်းကျင်ကို ပိုမိုဆိုးဝါးသွားစေတာတွေ၊ ရွှေ့ပြောင်းလုပ်သားတွေ အစုလိုက်ဝင်လာတာမျိုးတွေဖြစ်လို့ ဒေသခံပြည်သူတွေနဲ့ ကေအိုင်အိုက ဆန့်ကျင်သောအားဖြင့် တကျော့ပြန်စစ်ပွဲတွေ ပြန်ဖြစ်လာတာလို့ မြင်ပါတယ်။ ပြီးတော့ မြစ်ဆုံစီမံကိန်းနှင့် တခြားသော ပြည်နယ်အတွင်း အကြီးစားစီမံကိန်းတွေလုပ်ချင်တာတွေနဲ့လည်း ဆိုင်မယ်လို့ထင်ပါတယ်" ဟု မိမိတို့ ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ပါသည်။ [4]

ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ခေါင်းဆောင်တစ်ဦးကလည်း " အဓိကတော့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ မဖြေရှင်းတော့ စစ်ရေးပြဿနာဖြစ်လာပြီး စစ်ပွဲတွေဖြစ်လာတယ်လို့ ယူဆတာပေ့ါလေ။ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ရောက်လာတဲ့ အကြီးစားစီမံကိန်းတွေကလည်း ကချင်ရဲ့ တကျော့ပြန်စစ်ပွဲ ဖြစ်စေတဲ့ အကြောင်းအရင်းထဲက တစ်ခုလို့ ပြောလို့ရပါတယ်" ဟု ပြောဆိုခဲ့ပါသည်။ [5]

ကချင်ပြည်နယ်တွင် တစ်ကျော့ပြန်ဖြစ်ပွားခဲ့သော စစ်ပွဲများသည် အပစ်ခတ်ရပ်စဲရေးကာလအတွင်းတွင် ထိရောက်သော နိုင်ငံရေးဆွေးနွေးပွဲများ မပြုလုပ်နိုင်ခဲ့ခြင်းအပြင် အပစ်ရပ်ကာလအတွင်းတွင် စီပွားရေးအကျိုးစီးပွားဆိုင်ရာအတွက် အရင်းအမြစ်ပြဿနာများလည်း ပေါင်းစပ်ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ အဆိုပါဖြစ်စဉ်သည် ယခု NCA ချုပ်ဆိုပြီး နိုင်ငံရေးအရ ဆွေးနွေးနေသည့်ကာလတွင် သိသာသော ဖြစ်ပေါ်တိုးတက်မှု ပေါ်ပေါက်မလာခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဥပမာတစ်ခုဖြစ်နေပါသည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေး ကာလအတွင်းတွင် အကြီးစား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ပြုလုပ်ခြင်းကြောင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်းကို KIAနှင့် တပ်မတော်အကြား ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး ချုပ်ငြိမ်းသွားခြင်းက ထောက်ပြနေပါသည်။

3 BNI-MPM Interview (1), Oct 2020.

4 BNI-MPM Interview (2), Oct 2020.

5 BNI-MPM Interview (3), Oct 2020.

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် ပတ်သက်ပြီး KIO က "ကေအိုင်အိုဟာ အခုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်မှာ တောက်လျှောက် ဆွေးနွေးခဲ့တာရှိပါတယ်။ ၂၀၁၉ ခုနှစ်ကနေ စပြီး NRPC နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ခဲ့ပေမယ့် ဒီနေ့အထိ တစ်စုံတစ်ရာ သဘောတူညီမှု မရှိသေးပါဘူး။ ဒီလိုဘာကြောင့် ဖြစ်ရလဲဆိုတာကတော့ မြန်မာအစိုးရနဲ့ တပ်မတော်ကနေပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေကို စစ်ရေးနည်းလမ်းနဲ့ အသာစီးယူထားချင်ပြီး နိုင်ငံရေးလမ်းကြောင်းကိုလည်း အစိုးရနဲ့ တပ်မတော်က သတ်မှတ်ထားတဲ့လမ်းကြောင်းတစ်ခုတည်းကို နိုင်ငံရေးကျုံးသွင်းလိုခြင်းတို့ကြောင့်လို့ ပြောရမှာဖြစ်ပါတယ်။ ပြီးတော့ NRPC နဲ့ ဆွေးနွေးသွားရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲနဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ထုတ်ပြန်ချက်မှာ တိုက်တွန်းထားပါသေးတယ်။ ဒါပေမယ့် တကယ်တမ်းဆွေးနွေးကြတဲ့အခါ ဆွေးနွေးပွဲရလဒ်တွေနဲ့ပတ်သက်ပြီး အတည်ပြုချက်တွေဟာ တပ်မတော်ရဲ့ မှတ်ချက်စကားတွေအပေါ်မှာသာ အခြေခံထားတာတွေကိုတွေ့ရပါတယ်။ အဲ့ဒါတွေကလည်း ဆွေးနွေးပွဲအတွက် တကယ် အဟန့်အတားဖြစ်ရပါတယ်။ ဒါ့အပြင် ဆွေးနွေးပွဲထဲမှာ အဆင်ပြေပြေဆွေးနွေးနိုင်ခဲ့တာတွေရှိပါသော်လည်း ဆွေးနွေးပွဲအပြီး ပြန်ပျက်ပြယ်သွားတဲ့ကိစ္စရပ်မျိုးတွေလည်း ရှိခဲ့ကြပါတယ်။ ပြီးတော့ စစ်တိုင်းမှူး အဆင့်ကလည်း NRPC နဲ့ ဆွေးနွေးရင် ရလဒ်ကောင်း ထွက်လာစရာမရှိဘူးလို့ ပြောဆိုမှုများလည်းကြုံခဲ့ရပါတယ်။ အဓိကအားဖြင့်တော့ NCA ရဲ့ သက်တမ်းဟာ (၅) နှစ်ကျော်လာပြီဖြစ်ပေမယ့် အားရကျေနပ်စရာကောင်းတဲ့ ရလဒ်ကို အခုအချိန်အထိမမြင်ရသေးပါဘူး။ ပြီးတော့ အခု NCA ထိုးထားတဲ့ တော်လှန်ရေးအဖွဲ့အစည်းများဟာ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသည်ဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်တွေ ထိုးထားတဲ့ အဖွဲ့တွေ ပါပါတယ်။ အဲ့ဒါကြောင့် တိုက်ပွဲတွေ မဖြစ်ရခြင်းဟာ NCA ရဲ့ ရလဒ်ကောင်းလို့ တထစ်ချသတ်မှတ်လို့ မရနိုင်ပါဘူး " ဟု ဖြေဆိုခဲ့ပါသည်။

ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ခေါင်းဆောင်တစ်ဦးကလည်း "NCA လမ်းကြောင်းက အစကတော့ ကောင်းသလိုထင်ရပေမယ့် ယခုနောက်ပိုင်း လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားဒေသတွေကြားမှာ တိုက်ပွဲတွေ မကြာခဏဆိုသလိုပြန်ဖြစ်တာရယ်၊ အစိုးရဘက်က ကြားဝင်ညှိနှိုင်းမှုတွေ ထိထိရောက်ရောက် မလုပ်နိုင်တာတွေကြောင့် NCAလမ်းကြောင်းက ထိရောက်မှုအားနည်းတယ်လို့ထင်တယ်"ဟု မိမိတို့ပြုလုပ်သော အင်တာဗျူးတွင် NCAအပေါ်မှတ်ချက်ပေးခဲ့ခြင်းဖြစ်ပါသည်။ [6]

ထို့အပြင် ကချင်ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးကလည်း မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ်တွင် " အဓိကကတော့ ရလဒ်ကို ကြည့်သင့်တာပေါ့လေ။ ကျွန်တော်တို့ အများကြီး လျှော့ပေါ့စဉ်းစားပေးပါတယ်။ အခု အမျိုးသားဒီမိုကရေစီ အစိုးရလက်ထက်က ပိုပြီးခက်ခဲတယ်ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် တစ်ခုစဉ်းစားရမှာက ငြိမ်းချမ်းရေးဖြစ်စဉ်က ဖြစ်စဉ်ကြီးသက်သက်သွားနေတာမျိုး မဟုတ်ဘူး။ တခြားသော အစိုးရရဲ့ တိုင်းရင်းသားဒေသတွေအပေါ်မှာ လုပ်ဆောင်ချက်တွေကပါ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ရိုက်ခတ်မှုတွေ အများကြီးရှိပါတယ်။ ဆိုလိုတာက ယုံကြည်မှုပျက်နိုင်တဲ့ဟာတွေ အများကြီးလုပ်ခဲ့မိတယ်ထင်တယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးဖြစ်စဉ်သွားနေတဲ့ လမ်းနဲ့ အကောင်အထည်ဖော်တဲ့ ပုံစံပေါ့။ သွားနေတဲ့လမ်းက NCA လမ်းကြောင်းပေါ့။ အဲ့မှာလည်း အထစ်အငေါ့တွေက ရှိနေတုန်း။ အဲ့တော့ စဉ်းစားရမှာက

6 BNI-MPM Interview (4), Oct 2020.

လမ်းက ပြဿနာလည်း အကောင်အထည်ဖော်တဲ့ နည်းနာက ပြဿနာလားပေါ့။ အဲ့လိုမျိုး စနစ်တကျ စဉ်းစားပြီး နောက်လာမယ့် အစိုးရလက်ထက်မှာ ပြန်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ရင်တော့ အကောင်းဘက်ကိုနည်းနည်းလေးတက်သွားနိုင်ပါတယ်။အခုတော့ တော်တော်လေးအခြေအနေမကောင်းဘူးလို့ ပြောရပါမယ်။ ပြီးတော့ အပစ်အခတ်ရပ်စဲရေးပေါ့။ Bilateral လုပ်မလား။ အကုန် NCA ထဲ ပေါင်းထည့်မလားပေါ့။ ဒါလည်း အစိုးရနဲ့ တပ်ကြားထဲ အရင်ညှိပြီး တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တဖြည်းဖြည်းညှိပြီး အလျော့အတင်းလုပ်ရမှာပေါ့။ သဘောတရားအရတော့ မခက်ခဲပေမယ့် တကယ်လုပ်တဲ့ အခါ အောက်ခြေမှာလုပ်တဲ့ လူတွေရဲ့ အရည်အချင်း၊ စိတ်ဓာတ်၊ အမူအကျင့်နဲ့ ယုံကြည်မှုတွေက အရေးကြီးပါတယ်။ အစိုးရအနေနဲ့ သေချာ လူပြန်ရွေးသင့်တယ်ထင်ပါတယ် " ဟု မှတ်ချက်ပြုခဲ့ပါသည်။ [7]

**NCA လမ်းကြောင်းက အစကတော့ ကောင်းသလိုထင်ရပေမယ့် ယခုနောက်ပိုင်း လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားဒေသတွေကြားမှာ တိုက်ပွဲတွေ မကြာမထာဆိုသလိုပြန်ဖြစ်တာရယ်၊ အစိုးရဘက်က ကြားဝင်ညှိနှိုင်းမှုတွေ ထိထိရောက်ရောက် မလုပ်နိုင်တာတွေကြောင့် NCA လမ်းကြောင်းက ထိရောက်မှုအားနည်းတယ်လို့ထင်တယ်**

ကချင်ပြည်နယ်အတွင်းတွင်သာမက တခြားသော နေရာအနှံ့အပြားတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများကို လက်တွေ့ကျကျ ရပ်ဆိုင်းရန် နိုင်ငံရေးအရ အဖြေရှာရန် အရေးတကြီး လိုအပ်နေပါသည်။ ထို့အပြင် အဆိုပါနိုင်ငံရေးအရ အဖြေရှာရာတွင် စနစ်ကျသော၊ တတ်သိနားလည်သော ပညာရှင်များ၏ အခန်းကဏ္ဍမှာလည်း အဓိကနေရာမှာ ပါဝင်နေသည်ကို အသိအမှတ်ပြုပြီး စနစ်တကျခန့်အပ်ရန် လိုအပ်ပါသည်။ ထို့အပြင် အေအိုင်အိုအနေဖြင့် အဆိုပါပြဿနာများကို ပြီးမြောက်ရန်မှာ အစိုးရတွင် အဓိကတာဝန်အနေဖြင့် ရှိနေပြီး ပြည်တွင်းစစ် ပေါ်ပေါက်လာစေခြင်းနှင့် တိုင်းရင်းသားလူမျိုးများ လက်နက်ကိုင်တော်လှန်ခဲ့ရခြင်း၏ အဓိကပြဿနာကို ဖော်ထုတ်ဖြေရှင်းရန် လိုအပ်ကြောင်းကို မိမိတို့နှင့် ပြုလုပ်သော အင်တာဗျူးမှတဆင့် ပြောဆိုခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု ဖြစ်တည်လာခဲ့သည့် ၁၉၄၇ ပင်လုံစာချုပ်နှင့် ပင်လုံကတိကဝတ်များကို အခြေခံထားသော နိုင်ငံရေးဆွေးနွေးမှုလမ်းကြောင်းများကို စတင်နိုင်ရန် အစိုးရအနေဖြင့် နိုင်ငံရေးစိတ်ဆန္ဒသန့်သန့်ဖြင့် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်းနှင့် တပ်မတော်ကို အရပ်သားအစိုးရမှ ထိန်းချုပ်နိုင်ခြင်းမရှိပါက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းနိုင်စေရန် မဖြစ်နိုင်ကြောင်းကိုလည်း KIO မှ ထောက်ပြခဲ့ပါသည်။

---

7 BNI-MPM Interview (5), Oct 2020.

## ၃.၂ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးနှင့် လူမှုရေးပြဿနာများ။

စစ်ဘေးရှောင်များ နေရပ်ပြန်နိုင်ရေးပြဿနာသည် ကချင်ပြည်နယ်တွင် အရေးတကြီး ဖြေရှင်းရမည့် ပြဿနာများထဲမှ တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် နှစ်ကာလကြာမြင့်လာပြီဖြစ်သည့် စစ်ဘေးရှောင်စခန်းများမှ လူမှုရေးပြဿနာများသည် ကချင်လူ့အဖွဲ့အစည်းထဲတွင် မည်မျှအထိ ရိုက်ခတ်မှုဖြစ်နိုင်ပါသနည်းဟူသော မေးခွန်းကိုလည်း ဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ လက်နက်ကိုင် ပဋိပက္ခများ ရပ်စဲနိုင်မှသာလျှင် စစ်ဘေးရှောင်များနေရပ်ပြန်နိုင်ရေးသည် လုံခြုံသော၊ ဘေးကင်းသော၊ လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသော နေရပ်ပြန်နိုင်ရေးဖြစ်မည်ဖြစ်ပါသည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခများ မရပ်တန့်နိုင်သေးမီ ကာလများတွင် အဆိုပါ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်လည်း အရေးကြီးလှပါသည်။

“

**အစိုးရရဲ့ လူကယ်ပြန်ဘက်ကလည်း တရက်ထဲနဲ့ ပြန်မည့်သူဆိုရင်း အပြီးပေးခိုင်းတာမျိုး လုပ်တာတွေရှိတယ်။ သူတို့ကို စဉ်းစားဖို့ အချိန်ပေးသင့်ပါတယ်။ ဒီလိုမျိုးကိစ္စတွေဆိုတာက ချက်ချင်း ဆုံးဖြတ်ချက်ချလို့ရတဲ့ ကိစ္စတွေမဟုတ်ပါဘူး**

”

ကေအိုင်အို ထိန်းချုပ်နယ်မြေများတွင်လည်း စစ်ဘေးရှောင်စခန်းများနှင့် စစ်ဘေးရှောင် နေရပ်စွန့်ခွာ ဒုက္ခသည်များ အမြောက်အမြားရှိနေပါသည်။ အဆိုပါ စစ်ဘေးရှောင်စခန်းများနှင့် ပတ်သက်ပြီး KIO မှ မိမိတို့ ပြုလုပ်သော အင်တာဗျူးတွင် ယခုလို ဖြေကြားထားပါသည်။

"ကေအိုင်အိုအနေနဲ့ IDPsတွေ နေရပ်သို့ပြန်နိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်တာတွေ ရှိပါတယ်။ မိမိတို့နေရပ်ကို ဘေးကင်းလုံခြုံစွာ ပြန်လည်အခြေချနိုင်ရေးနှင့် နိုင်ငံတကာ စံနှုန်းစံထားများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက်လည်း Local NGOs တွေနဲ့ ပူးပေါင်းဖွဲ့စည်းထားတဲ့ Joint Strategy Team (JST) ကို တာဝန်ပေးထားတာတွေ ရှိပါတယ်။ အဲ့ဒီအဖွဲ့ကနေပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်နေသူများနှင့် သက်ဆိုင်သော နေရပ်ပြန်နိုင်ရေးနှင့် ပြည်လည်နေရာချထားရေးဆိုင်ရာ စီမံချက်ဆိုတဲ့ စာအုပ်ကိုလည်း ရေးသားပြုစုထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ဘာသာရေးအဖွဲ့အစည်းမှ ခေါင်းဆောင်များနဲ့ ဖွဲ့စည်းထားတဲ့ Kachin Humantarian Concner Committee (KHCC)ကလည်း မြန်မာနိုင်ငံအစိုးရအဖွဲ့များနဲ့ ညှိနှိုင်းပြီး IDPs များနေရပ်ပြန်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေတာမျိုးလည်း ရှိပါတယ်။ JST က စုစည်းရေးသားထားတဲ့ စီမံချက်ကိုလည်း KHCC မှ တဆင့်

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ NRPC ထံကို ပေးပို့ထားပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေတာမျိုးလည်း ရှိနေပြီဖြစ်ပါတယ်"။

ကချင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းများမှ နေရပ်စွန့်ခွာ ဒုက္ခသည်များအနေဖြင့် နေရပ်ပြန်နိုင်ရေးအတွက် ပြင်ဆင်သော အခါတွင် ဘက်စုံ၊ ထောင့်စုံ စဉ်းစားပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် နေရပ်ပြန်ဒုက္ခသည်များ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော ကိစ္စရပ် များကို ရေရှည်၊ ရေတို စီမံချက်များဖြင့် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ်သတ်ပြီး ကချင်ပြည်နယ်အတွင်းမှ အမျိုးသမီးအရေးဆောင်ရွက်နေသည့် အမျိုးသမီးခေါင်းဆောင်တစ်ဦးက " အဓိက ကတော့ IDPs တွေကို ဖိအားပေးခြင်းမရှိဘဲ IDP တွေဘက်က လိုလိုလားလားဖြစ်တဲ့အခြေအနေလိုအပ်ပါတယ်။ ပြန်မယ့်နေရာတွေမှာလည်း မိုင်းရှင်းလင်းရေးတွေလုပ်ဖို့ လိုအပ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်တွေကလည်း နိုင်ငံတကာစံနှုန်းတွေကို လိုက်နာဖို့လည်း အရေးကြီးပါတယ်။ စစ်မဖြစ်ခင်တုန်းက အခြေနေထက် ဆိုးဝါးသော အခြေအနေတစ်ရပ်ဖြစ်ရန် ဖန်တီးပေးနိုင်မှပဲ ပြန်လည်နေရာချထားရေးက ပိုပြီး ကောင်းမွန်လာမှာပါ။ အစိုးရရဲ့ လူကယ်ပြန်ဘက်ကလည်း တစ်ရက်ထဲနဲ့ ပြန်မည့်သူစာရင်း အပြီးပေးခိုင်းတာမျိုး လုပ်တာတွေရှိတယ်။ သူတို့ကို စဉ်းစားဖို့ အချိန်ပေးသင့်ပါတယ်။ ဒီလိုမျိုးကိစ္စတွေဆိုတာက ချက်ချင်းဆုံးဖြတ်ချက်ချလို့ရတဲ့ ကိစ္စတွေမဟုတ်ပါဘူး" ဟု မိမိတို့ ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် ဖြေဆိုခဲ့ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း သက်ဆိုင်ရာလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတို့အကြားတွင် IDPs များ လုံခြုံဘေးကင်းစွာ နေရပ်ပြန်နိုင်ရေးကို ကဏ္ဍတစ်ရပ်အဖြစ် ဆွေးနွေးလျှက်ရှိသည်ဟု KIO မှ ပြောကြားခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်သော အခြေအနေသို့ မရောက်သေးသော်လည်း IDPsများအချိန်မီ ပြန်လည်အခြေချနိုင်ရန် ကျေးရွာပေါင်း (၁၈) ရွာကို ရွေးချယ်ကာ KHCC၊ JST တို့က သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းလျှက် စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း သိရှိရပါသည်။

KIO အနေဖြင့် " ကေအိုင်အိုဘက်မှာ ရှိတဲ့ Camp တွေမှာတော့ စစ်ရေးအရ လုံခြုံတဲ့နေရာတွေကို ပြောင်းရွှေ့တာမျိုးတွေ လုပ်ထားပါတယ်။ ဒါ့အပြင် မိသားစုအလိုက် သီးခြားနေထိုင်နိုင်ရေးအတွက်လည်း ယာယီမြေကွက်တွေကို ဖော်ထုတ်ပေးတာရယ်အပြင် လူမှုရေးပြဿနာတွေကို လျော့ပါးစေဖို့ IDPs တွေကိုယ်တိုင်ပါဝင်တဲ့ ကော်မတီတွေ ဖွဲ့စည်းပေးထားမျိုးတွေလည်း လုပ်ထားပါတယ်။ ကျန်းမာရေးပြဿနာတွေကိုတော့ KIO ကျန်းမာရေးဌာနကပဲ တာဝန်ယူပေးပါတယ်။ အဲ့လို လုပ်တဲ့နေရာမှာလည်း စခန်းတိုင်းမှာ ကျန်းမာရေးဆေးပေးခန်းတွေနဲ့ ဝန်ထမ်းတွေကို ထားရှိပေးထားပါတယ်။ အားလုံးကိုတော့ အခမဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေပါပဲ။ ပညာရေးအတွက်ကတော့ မူလတန်း၊ မူလတန်းလွန် စာသင်ကျောင်းတွေကို KIO ပညာရေးဌာနက ဝန်ထမ်းတွေနဲ့ စေတနာရှင် လုပ်အားပေးဆရာ/မတွေက အဓိကတာဝန်ယူပါတယ်။ အလယ်တန်းနဲ့ အထက်တန်းအတွက်ကတော့ စခန်းတွေရဲ့အပြင်မှာ သီးခြားဘော်ဒါဆောင်တွေ ဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးထားပါတယ်ခင်ဗျာ။ အခြေခံပညာအထက်တန်းအဆင့် အောင်မြင်သွားပြီးရင်တော့ အဆင့်မြင့်ပညာရေးဆက်သင်နိုင်ဖို့ ပေါင်းကူးသင်တန်းတွေကို အဓိက လုပ်ပေးပါတယ်" ဟု အင်တာဗျူးတွင် ဖြေဆိုခဲ့ပါသည်။

စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးကိစ္စရပ်တွင် ကာယကံရှင်များဖြစ်သော စစ်ဘေးရှောင်ဒုက္ခသည်များ၏ ခံစားချက်များနှင့် အမြင်သဘောထားများသည်လည်း အရေးကြီးလှပါသည်။ အဆိုပါ ပြဿနာများနှင့် ပတ်သက်ပြီး စစ်ဘေးရှောင်စခန်းတစ်ခုမှ စခန်းတာဝန်ခံ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ကို အခုတလော မေးလာတာရှိပါတယ်။ အိမ်ပြန်ရတော့မယ် စာရင်းပေးမလားပေါ့။ ကျွန်မတို့ ဒီမှာ နေရတဲ့ လူအားလုံးနီးပါးက အိမ်ကို ပြန်ချင်ကြပါတယ်။ အခု ဒီမှာ ဘယ်လောက် အဆင်ပြေတယ် ပြောပြော ကိုယ့်အိမ်လောက်တော့ ဘယ်လိုမှ အဆင်မပြေပါဘူး။ ဒါပေမယ့် ကျွန်မတို့မှာ စိုးရိမ်စိတ်တွေ အများကြီးရှိပါတယ်။ ပထမဦးဆုံးက လုံခြုံမှုပါ။ ကျွန်မတို့ပြန်သွားရင် တိုက်ပွဲတွေ ပြန်မဖြစ်ပါဘူးလို့ ဘယ်လောက် အာမခံနိုင်မလဲပေါ့။ ပြီးတော့ မြေမြှုပ်မိုင်းတွေပါ။ ရွာအနီးအနားမှာ အဲ့လိုဟာတွေ အများကြီးပဲ။ ဘယ်နားရှိလဲဆိုတာ ဘယ်သူမှ အာမခံမပေးနိုင်ဘူး။ အဲ့ဒီတော့ ကျွန်မတို့ ပြန်လည်း မလုံခြုံရင် ပိုပြီးဆိုးသွားနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ကျန်ခဲ့တဲ့ အိမ်တွေ၊ လယ်ယာမြေတွေကို ဘယ်လိုအခြေအနေရှိနေလဲ ကျွန်မတို့လုံးဝမသိဘူး။ ပြီးတော့ ကျန်ခဲ့တဲ့ ကျွန်မတို့ရဲ့ ကျွဲ၊ နွားတွေ ကတော့ အခုလောက်ဆို မရှိလောက်တော့ပါဘူး။ အများကြီးပါပဲ" ဟု သူမ၏ စိုးရိမ်မှုများကို ပြောပြခဲ့ပါသည်။ [8]

စစ်ဘေးရှောင်များနှင့် ပတ်သက်သည့် နေရပ်ပြန်နိုင်ရေးနှင့် လူမှုရေးပြဿနာများသည် ပဋိပက္ခအတွင်းတွင် ပါဝင်နေကြသည့် အစုအဖွဲ့များအားလုံးပါဝင်ဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ပိုမိုကောင်းမွန်သည့် ဖြေရှင်းနည်းများအပြင် ထပ်မံပြီးဖြစ်ပွားလာနိုင်သည့် ပြဿနာများကိုပါ တစ်ပါတည်း ဖြေရှင်းနိုင်ရန် အခြေအနေတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် စစ်ဘေးရှောင်များ နေရပ်ပြန်နိုင်ရေးကိစ္စသည်လည်းတခြားသောပြဿနာများနည်းတူတန်းတူအရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်သည်ကို အသိအမှတ်ပြုရန်လည်း လိုအပ်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း စစ်ဘေးရှောင်တို့၏ ပြဿနာများကို အထူးတလည် ဆွေးနွေးရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် တွန်းအားပေး တိုက်တွန်းရန် လိုအပ်ပါသည်။

## ၃.၃ နိုင်ငံရေးပြဿနာများ။

မြန်မာနိုင်ငံ၏ ရှည်ကြာလာပြီဖြစ်သည့် ပြည်တွင်းစစ်မီး၏ အဓိက အခြေခံအကြောင်းတရားမှာ နိုင်ငံရေးပြဿနာ ဖြစ်သည်။ အဆိုပါ နိုင်ငံရေးပြဿနာသည်မတူကွဲပြားသည့် လူမျိုးစုများ၏ နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များ၊ များစွာသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များ၊ နှစ်ကာလများစွာ အထီးကျန်ဆန်စွာဖြင့် နေခဲ့ရပြီး လူ့အဖွဲ့အစည်းအတွင်း လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ အကဲဆတ်မှုများနှင့် လူမှုသဟဇာတ မဖြစ်မှုများ၊ သဘာဝသယံဇာတများနှင့် ပတ်သက်ပြီး စီမံခန့်ခွဲမှုအမှားများ၏ ရလဒ်များဖြစ်သည့် ဖွံ့ဖြိုးမှုမညီမျှခြင်းများ အစရှိသည့် ပြဿနာများနှင့်ပါ ယှဉ်တွဲနေသည့်အတွက်ကြောင့် ထင်မှတ်ထားသည်ထက် ပိုမိုရှုပ်ထွေးပြီး လွယ်လွယ်ကူကူဖြင့် ဖြေရှင်းနိုင်ရန် မလွယ်ကူသည်မှာကား အရှိတရားတစ်ခုပင် ဖြစ်ပါသည်။

8 BNI-MPM Interview (6), Oct 2020.

ထို့အပြင် တိုင်းရင်းသားဒေသတစ်ခုချင်းစီ၏ မတူညီသည့် မြေမျက်နှာသွင်ပြင်အနေအထား၊ သမိုင်းကြောင်းနှင့် ရပ်တည်ချက်တို့သည် မြန်မာ့နိုင်ငံရေးတွင် ဘုံသဘောတူညီချက်ရရန် ခက်ခဲစေသည့် အကြောင်းတရားများအဖြစ် ပေါင်းစပ်ပါဝင်ပါသည်။ ထို့အပြင် တပ်မတော်မှ မြန်မာ့နိုင်ငံရေးတွင် အသာစီးရယူထားသည့် အခင်းအကျင်းနှင့် တပ်မတော်၏ လုံခြုံရေးဆိုင်ရာ တရားသေဆုပ်ကိုင်ထားသည့် အခြေအနေများသည်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် တပ်မတော်တို့အကြား အလျော့-အတင်းပြုလုပ်ရန်ခက်ခဲပြီး အစိုးရအနေဖြင့် ကြားဝင်ညှိနှိုင်းပေးလျှင် ပြေလည်သွားမည်ဟူသော ယူဆချက်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်ထက်တွင် အားကောင်းခဲ့ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် စိတ်ပျက်ဖွယ်ရာ ရလဒ်များကိုသာ ရခဲ့ကြကြောင်းကို ရံဖန်ရံခါ ထုတ်ဖော်ပြောဆိုလေ့ ရှိကြသည်ကို တွေ့ရှိရပါသည်။

**KIO အပါအဝင် အပွဲလေးပွဲနဲ့ NRPC ဆွေးနွေးကြတာ အခုထိ သဘောတူနိုင်တဲ့အပြေ မရှိသေးပါဘူး။ ပြီးတော့ NRPC နဲ့ ဆွေးနွေးတဲ့အပိုင်းမှာ တစ်စုံတစ်ရာ အပြန်အလှန် သဘောထားညှိယူနိုင်ခဲ့ပေမယ့် တပ်မတော်အရာရှိတွေ ဆွေးနွေးပွဲကို ပါဝင်လာတဲ့အခါ ဆွေးနွေးပွဲရေချိန်က အောက်ကို ပြန်ရောက်သွားတယ်လို့ ပြောနိုင်ပါတယ်**

KIO အနေဖြင့် နိုင်ငံရေးရည်မှန်းချက်သည် ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်နှင့် ပင်လုံကတိကဝတ်ပြုထားသည့်အတိုင်း စစ်မှန်သည့် ပြည်ထောင်စု(ဖယ်ဒရယ်)တည်ဆောက်ရေးဖြစ်သည့်အပြင် နိုင်ငံရေးဆုံးဖြတ်ချက် အပြည့်အဝရရှိသော ပြည်နယ်များနှင့် စုဖွဲ့ထားသည့် ဖယ်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးပင်ဖြစ်သည်ဟု မိမိတို့ပြုလုပ်သော အင်တာဗျူးတွင် ပြောဆိုခဲ့ပါသည်။

ထို့အပြင် KIO က " အဲ့ဒီလို ကျွန်တော်တို့ မျှော်ရည်တဲ့ ပြည်ထောင်စုပေါ်ပေါက်လာဖို့ဆိုတာ ပါတီစုံရွေးကောက်ပွဲလုပ်ရုံနဲ့ ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်တည်လာခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကို ပြန်လည်တူးဆွပြီး အဖြေရှာဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲ့ဒီ ကာလတွေမှာ အုပ်ချုပ်တဲ့ အစိုးရတွေက အာဏာရှင်တစ်ပြည်ထောင်စနစ်နဲ့ မူဝါဒတွေကြောင့် တိုင်းရင်းသားများက မခံမရပ်နိုင်ဖြစ်ပြီး လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲခဲ့ကြတာပါ။ အဲ့ဒီနိုင်ငံရေးပြဿနာကို အခုအစိုးရက အဖြေရှာမှ အနာဂတ်အတွက် ကောင်းမှာပါ။ ပစ္စုပ္ပန်ပြဿနာတွေကိုသာ ဖြေရှင်းနေခဲ့တဲ့အတွက်ကြောင့် ပြည်တွင်းစစ်က ရှည်ကြာ ခဲ့ရခြင်းဖြစ်ပါတယ်" ဟု နိုင်ငံရေးပြဿနာများနှင့် ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးညှိနှိုင်းမှုများနှင့် ပတ်သက်ပြီး KIO က " အဓိက ညှိနှိုင်းတာကို အရင်ပြောပါမယ်။ NRPC ရဲ့ ထိပ်ပိုင်းခေါင်းဆောင်မှုကို NLD အစိုးရအဖွဲ့က တာဝန်ယူပေမယ့် တော်လှန်ရေး

အဖွဲ့တွေနဲ့ ဆွေးနွေးကြတဲ့အခါမှာတော့ တပ်မတော်အရာရှိဟောင်းတွေကို တာဝန်ပေးထားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အမြင်ကတော့ စစ်တပ်အရာရှိ(ငြိမ်း)တွေက တပ်မတော်ရဲ့ လက်ရှိအကြီးအကဲတွေက ချမှတ်တဲ့ မူဝါဒတွေကို မလွန်ဆန်နိုင်တဲ့အခါ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေက ပြဿနာဖြစ်လာပါတယ်။ KIO အပါအဝင် အဖွဲ့လေးဖွဲ့နဲ့ NRPC ဆွေးနွေးကြတာ အခုထိ သဘောတူနိုင်တဲ့အဖြေ မရှိသေးပါဘူး။ ပြီးတော့ NRPC နဲ့ ဆွေးနွေးတဲ့အပိုင်းမှာ တစ်စုံတစ်ရာ အပြန်အလှန်သဘောထားညှိယူနိုင်ခဲ့ပေမယ့် တပ်မတော်အရာရှိတွေ ဆွေးနွေးပွဲကို ပါဝင်လာတဲ့အခါ ဆွေးနွေးပွဲရေချိန်က အောက်ကို ပြန်ရောက်သွားတယ်လို့ ပြောနိုင်ပါတယ်" ဟု ဖွင့်ဟခဲ့ပါသည်။

သို့သော် ကချင်ပြည်နယ်မှ အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးက " လက်ရှိမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားချက်ပါပဲ။ အဲ့ဒီတော့ တိုင်းရင်းသားပါတီတွေလည်း ဝင်ပြိုင်ကြတယ်ပေါ့လေ။ ဖွဲ့စည်းပုံက ပေးထားသလောက်ထဲမှာမှ အပြည့်အဝရနိုင်ဖို့ဆိုတာ ဝေးနေပါသေးတယ်။

> နိုင်ငံရေးဆိုင်ရာ အရင်းခံပြဿနာများကို ဖြေရှင်းကြရာတွင် လုံခြုံရေးဆိုင်ရာအခြေပြုစဉ်းစားခြင်းများ၊ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များအပေါ် အခြေခံပြီး ဆွေးနွေးကြခြင်းများသည် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ မဟုတ်ပါ။ နိုင်ငံရေးစိတ်ဆန္ဒ ထက်သန်စွာဖြင့် ငြိမ်းချမ်းရေးကို ရှေ့ရှုသည့်အမြင်၊ သဘောထား၊ နည်းလမ်းများဖြင့်သာ ချဉ်းကပ်ပြီး ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါသည်။

အဲ့တော့ အခုလက်ရှိနိုင်ငံရေးဖြစ်စဉ်တွေကို အကောင်းဆုံးဖြေရှင်းဖို့က အာဏာရပါတီအနေနဲ့ တိုင်းရင်းသားပါတီတွေနဲ့ တိုင်းရင်းသားတွေအပေါ်မှာ နိုင်ငံရေးစိတ်ဆန္ဒအရ လေးစားမှုနဲ့ အလေးထားမှုရှိကြောင်းတွေ ပြသဖို့ အရေးတကြီး လိုအပ်နေပါတယ်။ ဒါပြီးမှ ကျန်တဲ့ ငြိမ်းချမ်းရေး ဘာညာက ဆက် သွားလို့ရမယ် ထင်ပါတယ်" ဟု ပြောဆိုခဲ့ပါသည်။ [9]

ထို့အပြင် ကချင်ပြည်နယ် ပြည်သူ့ပါတီမှ ပါတီခေါင်းဆောင်တစ်ဦးမှ ကချင်တစ်မျိုးသားလုံး၏ နိုင်ငံရေး ရည်မှန်းချက်များနှင့် ပတ်သက်ပြီး " နိုင်ငံရေးရည်မှန်းချက်တွေက ခေတ်နဲ့အညီပြောင်းလဲလာတာရှိပါတယ်။ ပထမ လွတ်လပ်ရေးရပြီးခါစမှာတော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းရင်းသားအားလုံး အတူယှဉ်တွဲနေထိုင်ရေးဖြစ်တယ်လို့သိရတယ်။ အဲဒါကြောင့်လည်း ပင်လုံစာချုပ်ကို ချုပ်ခဲ့ကြ

---

9 BNI-MPM Interview (7), Oct 2020.

တယ်။ အဲ့ဒီ ကတိမတည်ခဲ့တဲ့အချိန်မှာ တစ်နိုင်ငံ၊ တစ်ပြည်နယ်အဖြစ် ပြန်နေမယ်ဆိုတဲ့ နိုင်ငံရေးမျှော်မှန်းချက်ကို တွေ့ရတယ်။ ဒါပြီးနောက် စစ်အစိုးရနောက်ပိုင်း ကြံ့ခိုင်ရေးအစိုးရ တက်လာချိန်မှာ တိုက်ပွဲတွေပြန်လည်ပြင်းထန်လာတဲ့အတွက် ခံစားချက်တွေများလာတဲ့အချိန်မှာတော့ သီးခြားနိုင်ငံတခုတည်ထောင်မည်ဆိုပြီး ရည်မှန်းလာရာကနေ လက်ရှိအချိန်မှာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုသာရရှိမည်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ချင်သော်လည်း စစ်မှန်သော ဖက်ဒရယ်ဖြစ်လာမည်ဆိုသော ယုံကြည်ချက်တော့ သိပ်မရှိကြဘူးဖြစ်နေတယ်။ အဲဒီနောက်ပိုင်းမှာ ၂၀၁၆ မှာတော့ ၄၇ ပင်လုံ ကတိကဝတ်ကို ပြန်ဖော်ဆောင်မယ်ဆိုတဲ့မျှော်မှန်းချက်ကို ပြန်သွားတာတွေ့။ သို့သော် နိုင်ငံရေးဆိုသည်မှာ အခြေအနေအချိန်ခါပေါ် မူတည်ပြီး ရည်မှန်းချက်တွေပြောင်းလဲရင် ပြောင်းလဲနိုင်ပါတယ်" ဟု မိမိတို့ပြုလုပ်သော အင်တာဗျူးတွင် ဖြေဆိုခဲ့ပါသည်။ [10]

ထို့အပြင် KIO အနေဖြင့် တပ်မတော်ကို ဒီမိုကရေစီအစိုးရအဖွဲ့၏ ညွှန်ကြားမှုအောက်သို့ ထားရှိနိုင်ခြင်းသည်သာလျှင် ဆွေးနွေးဖက်ဖြစ်သော တော်လှန်ရေးအဖွဲ့များအနေဖြင့် နိုင်ငံရေးဆွေးနွေးရေးအပေါ် ယုံကြည်မှုကို တစ်စုံတစ်ရာ တိုးမြှင့်စေတယ်လို့ ယူဆထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နိုင်ငံရေးပြဿနာများကို ဖြေရှင်းသည့်အခါတွင် လမ်းကြောင်းတစ်ခုတည်းကိုသာ အလွန်အမင်း တရားသေ သတ်မှတ်ထားခြင်းမရှိဘဲ အခြားသင့်တော်သည့် လမ်းကြောင်းများကိုလည်း ရွေးချယ်ပြီး ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်းကိုလည်း ထောက်ပြပြောဆိုခဲ့ပါသည်။ ထို့အပြင် ၂၀၂၀ အလွန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးသော လုပ်ငန်းစဉ်များကို လုပ်ကိုင်နိုင်ရန်အတွက် သီးခြားလွတ်လပ်သည့် နိုင်ငံရေးပညာရှင်များကို ထည့်သွင်းပေးရန် လိုအပ်ကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်နိုင်ရန်အတွက် စစ်တပ်သဘောတူညီမှု ရယူနိုင်မှ အဆင်ပြေမည်ဟူသော ယူဆချက်အစား နိုင်ငံရေးဆွေးနွေးပွဲများ ရလဒ်ကောင်းလာလျှင် တိုက်ပွဲများ ပြေငြိမ်းသွားစေမည်ဟူသော ယူဆချက်ကို လက်ခံယုံကြည်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို အားကောင်းလာစေရန် အဓိကလုပ်ဆောင်သင့်ကြောင်း မိမိတို့ ပြုလုပ်သော အင်တာဗျူးတွင် ပြောဆိုခဲ့ပါသည်။

ကချင်ပြည်နယ်အတွင်းမှ လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးပြဿနာများကို ခေတ်စနစ်အမျိုးမျိုးတွင် မတူညီသည့် ပုံစံမျိုးစုံဖြင့် ဖြေရှင်းရန် ကြိုးစားခဲ့ကြသည်ဟု ယူဆရမည်ဖြစ်ပါသည်။ သို့သော် ဖြေရှင်းသည့် ပုံစံ၊ အယူအဆနှင့် နောက်ခံအကြောင်း တရားများအပေါ် မူတည်ပြီး နိုင်ငံရေးပြဿနာများမှာ မဖြေရှင်းနိုင်သေးသည့် အခြေအနေတစ်ခုအဖြစ် ရှိနေဆဲပင်ဖြစ်ပါသည်။ နှစ်ကာလရှည်ကြာလာသည့်အမျှ ပိုမိုရှုပ်ထွေးသော ပြဿနာများလည်း အဆိုပါ နိုင်ငံရေးပြဿနာများထဲတွင် ပေါင်းစပ်ပါဝင်လာခဲ့ပြီး ဖြေရှင်းရန် ခက်ခဲသည့် အခြေအနေတစ်ခုဆီသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ပါသည်။ နိုင်ငံရေးဆိုင်ရာ အရင်းခံပြဿနာများကို ဖြေရှင်းကြရာတွင် လုံခြုံရေး ဆိုင်ရာအခြေပြုစဉ်းစားခြင်းများ၊ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များအပေါ် အခြေခံပြီး ဆွေးနွေးကြခြင်းများသည် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ မဟုတ်ပါ။ နိုင်ငံရေးစိတ်ဆန္ဒ ထက်သန်စွာဖြင့် ငြိမ်းချမ်းရေးကို ရှေ့ရှုသည့် အမြင်၊ သဘောထား၊ နည်းလမ်းများဖြင့်သာ ချဉ်းကပ်ပြီး ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါသည်။

10 BNI-MPM Interview (8), Oct 2020.

## ၄။ နိဂုံး

ကချင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားနေသည့် စစ်ရေး၊ နိုင်ငံရေးပြဿနာများသည် နှစ်ရှည်ကြာလာသည့်နှင့်အမျှ အရပ်သားများအပေါ်တွင် ရိုက်ခတ်မှုပိုမိုပြင်းထန်လာခဲ့ပြီး မလုံးသာ၊ မလွန်သာသည့် အခြေအနေတွင် ရှိနေပါသည်။ နှစ်ကာလကြာမြင့်သော အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ပြီးသည့်အချိန်မှ စတင်ပြီး နိုင်ငံရေးသဘောတူညီမှုဖြင့် စည်းနှောင်ထားခြင်းမရှိသည့် အပစ်အခတ်ရပ်စဲရေးများအပေါ် KIO အနေဖြင့် ယုံကြည်မှုမရှိသည့် သဘောထားများ၊ တစ်ကျော့ပြန်စစ်ပွဲအတွင်းမှ ခါးသီးသည့် စစ်ပွဲအတွေ့အကြုံများသည် ကချင်ပြည်နယ်အတွင်းမှ နောက်လာမည့် မျိုးဆက်များအတွက် အကောင်းဖက်သို့ဦးတည်နေခဲ့သည့်အဖြစ်အပျက်များ မဟုတ်ခဲ့ပါ။ နေးကွေးလေးလံနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မြန်ဆန်လွန်းသည့် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်တို့အကြားတွင် နိုင်ငံရေး

> ကချင်ပြည်နယ်အတွင်းမှ စစ်ရေး၊ နိုင်ငံရေး ပဋိပက္ခများနှင့် အလုံးစုံပြဿနာများကို ရပ်တန့်နိုင်ရန် အခြေအနေတစ်ခုတွင် ရှိနေသဲဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ၂၀၁၅ နှင့် ၂၀၂၀ အတွင်း နိုင်ငံရေးရလဒ်များအနေဖြင့် လောက်လောက်လားလား မပြသနိုင်ခဲ့သည့် လက်ရှိ အစိုးရအနေဖြင့် ၂၀၂၀ပြည့်နှစ်မှ စတင်ကာ ၂၀၂၅ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့်ရလဒ်များ ပြသနိုင်ရန် အလွန်အရေး ကြီးပါသည်။

အာမခံချက်ရှိသော၊ အပြုသဘောဆန်သော တွေ့ဆုံဆွေးနွေးမှုများကသာလျှင် ကောင်းမွန်သည့် အနာဂတ်ကို ဦးတည် စေမည် ဖြစ်ပါသည်။

ထို့အပြင် ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေးကာလအတွင်း တည်ဆောက်ခဲ့ကြသည့် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာအကျိုးအမြတ်များသည် မတူညီသည့် ခေတ်စနစ်တစ်ခုအောက်တွင် အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် အခက်အခဲရှိမည် ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကာလနောက်ပိုင်း ဖြစ်ပေါ်လာသည့် အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည်ထင်မှတ်ထားသည်ထက် ပိုမိုခက်ခဲသော ပြဿနာများဖြစ်ကြောင်းကို သိရှိလာခဲ့ကြပါသည်။ သို့သော် တချို့သော ပြဿနာများ၊ သဘောထားမတူညီမှုများသည် အလုံးစုံကွဲလွဲနေသည့် ဆန္ဒ၊ သဘောထား၊ ရပ်တည်ချက်များမှ ပေါ်ထွက်လာသည့်အရာများမဟုတ်ဘဲ နည်းစနစ်အလွဲများ၊ ထင်မှတ်မထားသည့် ပေါ့လျော့မှုများမှ ဖြစ်တည်လာခြင်းဖြစ်ပါသည်။ သို့သော် အကဲဆတ်နေသည့် နိုင်ငံရေးဂေဟစနစ်တွင်

အဆိုပါ ပြဿနာများသည် နိုင်ငံရေးဆိုင်ရာ သဘောထားမတူညီမှုများအဖြစ် ဖြစ်ပေါ် တတ်ကြောင်းကို ယခု သုတေသနမှ ပြုလုပ်သည့် အင်တာဗျူးရလဒ်များအပေါ် အခြေပြုပြီး ထောက်ပြပြောဆိုနိုင်ပါသည်။

ကချင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တရုတ်နိုင်ငံ၏ " ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်း"စီမံကိန်းတွင် ပါဝင်သည့် စီမံကိန်းအများစုကို ပြုလုပ်မည်ဖြစ်ပါသည်။ ထို့အပြင် ကချင်ပြည်နယ်သည် တရုတ်လူ့အဖွဲ့အစည်းနှင့် မြန်မာ့လူ့အဖွဲ့အစည်းအကြားတွင် ကြားခံနယ်သဖွယ် နှစ်နိုင်ငံ၏ဆက်စပ်ရာ အဓိကနယ်မြေတစ်ခုလည်း ဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် နယ်စပ် ကုန်သွယ်မှုစခန်းများ၊ တရားမဝင် သစ်၊ ကျောက်မျက်ရတနာနှင့် အခြားသော ကုန်ပစ္စည်းများ ဝင်ရောက်ရာ လမ်းကြောင်းများရှိသည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့်လည်း နယ်မြေအချို့ကို ထိန်းချုပ်ထားခြင်းများလည်း ရှိသည်။ အဆိုပါနောက်ခံအကြောင်းတရားများသည် ကချင်ပြည်နယ်၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရန် တွေးတောရာတွင် ထည့်သွင်းစဉ်းစား ရမည့်အကြောင်းအရင်းများ ဖြစ်ပါသည်။

ယနေ့ ကချင်ပြည်နယ်၏ နိုင်ငံရေး၊ စစ်ရေးအခြေအနေများနှင့် ငြိမ်းချမ်းရေးသည်လည်း ဝေဝါးနေဆဲဖြစ်ပါသည်။ KIO နှင့် ခေတ်အဆက်ဆက် အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြည့်ပါက ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီနှင့် တစ်ကြိမ်၊ ၁၉၇၂ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်တွင် မဆလ ပါတီ ဥက္ကဋ္ဌ ဦးနေဝင်း၊ နိုင်ငံတော်သမ္မတ ဦးစန်းယုနှင့် တစ်ကြိမ် တွေ့ဆုံမှုများရှိခဲ့ပြီး အောင်မြင်မှုမရှိခဲ့ပါ။ [11]

ထို့အပြင် ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေးအပြီး စစ်ရေး၊ နိုင်ငံရေးတင်းမာလာမှုများနှင့်အတူ ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေး လမ်းစများ ဝေဝါးခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ၂၀၂၀ အထွေထွေရွေးကောက်ပွဲဖြင့် တက်ရောက်လာမည့် အစိုးရအသစ်အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ပတ်သက်ပြီး အပြုသဘောဆောင်သော ဖိတ်ခေါ် ချက်များ၊ အပြုအမူများပြရန် အလွန်အရေးကြီးပါသည်။

ကချင်ပြည်နယ်အတွင်းမှ စစ်ရေး၊ နိုင်ငံရေး ပဋိပက္ခများနှင့် အလုံးစုံပြဿနာများကို ရပ်တန့်နိုင်ရန် အခြေအနေတစ်ခုတွင် ရှိနေဆဲဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ၂၀၁၅ နှင့် ၂၀၂၀ အတွင်း နိုင်ငံရေးရလဒ်များအနေဖြင့် လောက်လောက်လားလား မပြသနိုင်ခဲ့သည့် လက်ရှိအစိုးရအနေဖြင့် ၂၀၂၀ပြည့်နှစ်မှ စတင်ကာ ၂၀၂၅ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့် ရလဒ်များ ပြသနိုင်ရန် အလွန်အရေး ကြီးပါသည်။

ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံးစတင်ပြီး နိုင်ငံရေးသဘောတူညီချက်များ၊ အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်များ ဖြစ်ပေါ် လာစေရန် ကြိုးစားဆောင်ရွက်သင့်ကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။

11 Another Truth: Does NCA work? Web Link - https://tinyurl.com/y6x22mvp

သေခြင်းတရားကသာ
စစ်ပွဲရဲ့အဆုံးသတ်ဖြစ်တယ်

ပလေတို

